လုပ်ငန်းငယ်အတွက် သိကောင်းစရာ အကျဉ်းချုပ်

# သင့်လုပ်ငန်းနှင့် အခွန်ငွေ

ဤလမ်းညွှန်စာစောင်က သင့်လုပ်ငန်းနှင့်ပတ်သက်သော အခွန်ဆိုင်ရာ ရပိုင်ခွင့်များနှင့် လိုက်နာရမည့် အချက်အလက်များကို နားလည်စေရန် အကူအညီဖြစ်စေလိမ့်မည်။ ဤသို့နားလည်ခြင်းအားဖြင့် သင် ငွေချေးတာရေးအတွက် အထောက်အကူဖြစ်ပါလိမ့်မည်။

Australian Government

Australian Taxation Office

## သင့်အတွက် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်

သင့်အခွင့်အရေးများနှင့် ရပိုင်ခွင့်များကိုနားလည်စေရန်နှင့် လိုက်နာရမည့်အချက်များကို လိုက်နာဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရေးအတွက် ကျွန်ုပ်တို့က မှန်ကန်တိကျပြီး ရှေ့နောက်ဆက်စပ်မှုရှိကာ ရှင်းလင်းသောအချက်အလက်များကို ပံ့ပိုးပေးရန် သန္နိဋ္ဌာန်ချ ဆောင်ရွက်နေပါသည်။ အကယ်၍ ဤစာစောင်တွင် သင်နှင့်ပတ်သက်သော အခြေအနေများအားလုံး ပြည့်စုံစွာမပါဝင်ဟု ယူဆလျှင်ဖြစ်စေ၊ သို့မဟုတ် သင်နှင့် မည်သို့သက်ဆိုင်ကြောင်း သေချာစွာမသိလျှင်ဖြစ်စေ၊ ကျွန်ုပ်တို့ထံမှ သင် ရှေ့ဆက် အကူအညီတောင်းနိုင်ပါသည်။

ကျွန်ုပ်တို့သည် တရားဥပဒေတွင် ပြင်ဆင်မှုရှိတိုင်း အချိန်မီလိုက်ပြင်နိုင်ရန်အတွက် ကျွန်ုပ်တို့ထုတ်ဝေဖြန့်ချိသော စာစောင်များကို မှန်မှန် ပြန်လည်စိစစ် ပြင်ဆင်သဖြင့် သင့်ထံတွင် နောက်ဆုံးထုတ်ဝေသောစာစောင်ဖြစ်၊မဖြစ် သေချာအောင်စစ်ဆေးပါ။ အကယ်၍ သင် မသေချာပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် **www.ato.gov.au** တွင် လတ်တလောထုတ်ဝေထားသည့် သိကောင်းစရာ အချက်အလက်များကို ဖတ်ကြည့်ပါ၊ သို့မဟုတ် ကျွန်ုပ်တို့ကို ဆက်သွယ်မေးမြန်းပါ။

ဤစာစောင်သည် **မေလ ၂၀၁၁ ခုနှစ်** တွင် မှန်ကန်တိကျမှုရှိပါသည်။

**© AUSTRALIAN TAXATION OFFICE FOR THE COMMONWEALTH OF AUSTRALIA, 2011**

သင့်အနေနှင့် မိမိနှစ်သက်သလို ဤစာစောင်ကို ကူးယူခြင်း၊ ဆီလျော်အောင်ပြုပြင်ခြင်း၊ အသုံးချခြင်း၊ ဖြန့်ချိခြင်းပြုနိုင်ပါသည်။ (သို့သော် ဩစတြေးလျားနိုင်ငံတော် အခွန်ရုံး (ATO) သို့မဟုတ်-ဓနသဟာယအစိုးရက သင့်ကို သို့မဟုတ် သင့်ဝန်ဆောင်မှုများကို သို့မဟုတ် သင်ပြုလုပ်ထားသည်များကို ထောက်ခံအတည်ပြုကြောင်း တစ်နည်းနည်းဖြင့် ဖော်ပြခြင်းမဖြစ်စေရပါ။)

## ထုတ်ဝေသူ

Australian Taxation Office
Canberra
May 2011

NAT 72783BUR-05.2011 [JS 24621]

# မာတိကာ


**သင့် ရောင်းဝယ်ရေးလုပ်ငန်း ဖွဲ့စည်းပုံကို ရွေးချယ်ခြင်း** **2**

**သင့် ရောင်းဝယ်ရေးလုပ်ငန်းကို မှတ်ပုံတင်ခြင်း** **3**

အခွန်စာတွဲနံပါတ် (Tax file number) 3

ဩစတြေးလျားနိုင်ငံတော် ရောင်းဝယ်ရေးလုပ်ငန်းဆိုင်ရာ သက်သေခံနံပါတ် (Australian business number) 3

**အခွန်ဆိုင်ရာ သင်လိုက်နာရမည့်အချက်အလက်များကို လိုက်နာဆောင်ရွက်ခြင်း** **5**

ရောင်းဝယ်ရေးလုပ်ငန်း အခွန်များ ရှင်းတမ်း (business activity statement) ကို တင်ပြခြင်း 5

**သင့်မှာ ဝန်ထမ်းများ၊ အလုပ်သမားများ ရှိနေပါက အခွန်ဆိုင်ရာ သင်လိုက်နာရမည့်အချက်အလက်များကို လိုက်နာဆောင်ရွက်ခြင်း** **6**

အငြိမ်းစား ရန်ပုံငွေ (Superannuation) 7

အကယ်၍ သင့်ဝန်ထမ်း၊ အလုပ်သမားများသည် သီးခြားကန်ထရိုက်ယူ အလုပ်လုပ်သူများဖြစ်ပါက 8

**လုပ်ငန်းကုန်ကျစရိတ်များအတွက် ပေးဆောင်ရမည့် အခွန်ငွေမှ နုတ်ခြင်း** **9**

**စာရင်းဇယားထားခြင်း** **10**

**ပိုမိုသိရန် အချက်အလက်များ** **12**

# သင့် ရောင်းဝယ်ရေးလုပ်ငန်း ဖွဲ့စည်းပုံကို ရွေးချယ်ခြင်း

သင့်အနေနှင့် မိမိလိုအပ်ချက်များနှင့် အကိုက်ညီဆုံးဖြစ်သော ရောင်းဝယ်ရေးလုပ်ငန်း ဖွဲ့စည်းပုံကို ရွေးချယ်ရန် လိုအပ်ပါမည်။ ဩစတြေးလျားနိုင်ငံတော်တွင် လုပ်ငန်းငယ်များက အများအားဖြင့်အသုံးပြုကြသော အဓိကရောင်းဝယ်ရေးလုပ်ငန်း လေးမျိုးရှိပါသည် -

- တကိုယ်ရေ စီးပွားရှင် *(sole trader)*
- အစုစပ်လုပ်ငန်း *(partnership)*
- ရန်ပုံငွေ အဖွဲ့အစည်း *(trust)* နှင့်
- ကုမ္ပဏီ *(company)* တို့ဖြစ်ကြသည်။

သင်ရွေးချယ်သော ရောင်းဝယ်ရေးလုပ်ငန်း ဖွဲ့စည်းပုံသည် အခွန်ဆိုင်ရာ သင်လိုက်နာရမည့်အချက်အလက်များကို အကျိုးသက်ရောက်မှု ရှိသဖြင့် အရေးကြီးပါသည်။

သင်ဆုံးဖြတ်ချက်ချရာတွင် အကူအညီလိုအပ်ပါက အခွန်ရေးရာ အကြံပေးသူ သို့မဟုတ် ကျွန်ုပ်တို့ကိုမေးပါ။ ကျွန်ုပ်တို့ကို ဆက်သွယ်နိုင်သည့်လိပ်စာနှင့် အချက်အလက်များကို ဤစာစောင်အဆုံး၌ပါရှိသော 'ပိုမိုသိရန် အချက်အလက်များ' အပိုင်းတွင် ဖော်ပြထားပါသည်။

# သင့် ရောင်းဝယ်ရေးလုပ်ငန်းကို မှတ်ပုံတင်ခြင်း

သင့် ရောင်းဝယ်ရေးလုပ်ငန်းကို စတင်ရန် သင် အခွန်စာတွဲနံပါတ် (TFN) လိုအပ်ပါသည်။ သင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် ဩစတြေးလျားနိုင်ငံတော် ရောင်းဝယ်ရေးလုပ်ငန်းဆိုင်ရာ သက်သေခံနံပါတ် (ABN) ရဖို့လည်း လိုအပ်ဖွယ်ရှိပါသည်။

## အခွန်စာ တွဲနံပါတ်

အခွန်စာတွဲနံပါတ် *(Tax File Number - TFN)* ဆိုသည်မှာ ကျွန်ုပ်တို့တို့က သင့်ကို၊ သို့မဟုတ် သင့်အစုစပ်လုပ်ငန်းကို၊ ရန်ပုံငွေအဖွဲ့အစည်းကို သို့မဟုတ် ကုမ္ပဏီကို ထုတ်ပေးသောနံပါတ်ဖြစ်သည်။ သင် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား ပြနိုင်ရန်အတွက် TFN လိုအပ်ပါသည်။

အခွန်စာတွဲနံပါတ် (TFN) သည် ဩစတြေးလျားနိုင်ငံတော်တွင် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားပြနိုင်သည့် အရေးကြီးသော အထောက်အထားဖြစ်ရာ သင့်နိုင်ငံကူးလက်မှတ် သို့မဟုတ် သင့်ဘဏ်ငွေစာရင်းဆိုင်ရာ အချက်အလက်များကို လုံခြုံစွာထိန်းသိမ်းသကဲ့သို့ ထိန်းသိမ်းရန် လိုအပ်ပါသည်။

အကယ်၍သင့်မှာ TFN မရှိသေးပါက သင်မည်မျှပင် ဝင်ငွေရနေစေကာမူ သင်သည် အခွန်ငွေကို အမြင့်ဆုံးနှုန်းဖြင့် ပေးဆောင်ရန် လိုအပ်နိုင်ပါသည်။

အကယ်၍ သင်သည် ရောင်းဝယ်ရေးလုပ်ငန်းရှိနေပြီး TFN များအကြောင်းနှင့် မည်ကဲ့သို့ လျှောက်ထားရကြောင်း ပိုမိုသိလိုပါက ကျွန်ုပ်တို့ထံ တယ်လီဖုန်းနံပါတ် **13 28 66** တွင် မေးမြန်းပါ။

## ဩစတြေးလျားနိုင်ငံတော် ရောင်းဝယ်ရေးလုပ်ငန်းဆိုင်ရာ သက်သေခံနံပါတ်

ဩစတြေးလျားနိုင်ငံတော် ရောင်းဝယ်ရေးလုပ်ငန်းဆိုင်ရာ သက်သေခံနံပါတ် *(Australian Business Number - ABN)* ဆိုသည်မှာ သင်က အခြားသော ရောင်းဝယ်ရေးလုပ်ငန်းများ၊ အစိုးရဌာနများနှင့် ATO တို့နှင့်ဆက်သွယ်ရာတွင် အသုံးပြုသော နံပါတ် ဖြစ်သည်။ အကယ်၍ သင်က ABN ကို ကုန်ပို့လွှာများတွင် ဖော်ပြခြင်းမပြုခဲ့လျှင် အခြားသော အရောင်းအဝယ်လုပ်ငန်းများက သင့်ကိုပေးရသော မည်သည့်ပေးငွေထဲမှမဆို 46.5% ဖြတ်တောက်လိမ့်မည်။

သင်၏ ရောင်းဝယ်ရေးလုပ်ငန်း အမျိုးအစားပေါ်မူတည်ပြီး သင့်အနေနှင့် အောက်ဖော်ပြပါ အခွန်အမျိုးအစားများကို ပေးဆောင်ရန် မှတ်ပုံတင်ထားရပါမည်။

### ကုန်စည်နှင့် ဝန်ဆောင်မှုအခွန်

ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် *(Goods and Services Tax - GST)* ဆိုသည်မှာ ဩစတြေးလျားနိုင်ငံတော်တွင် အရောင်းအဝယ်ပြုလုပ်သော ကုန်စည်နှင့်ဝန်ဆောင်မှု အများစုအပေါ်တွင် 10% ပေးရသောအခွန်ဖြစ်သည်။ မှတ်ပုံတင်ထားသော အရောင်းအဝယ် စီးပွားရေးလုပ်ငန်းများက ကုန်စည်နှင့်ဝန်ဆောင်မှု ပေးသွင်းခြင်းပြုသော လုပ်ငန်းအဆင့်ဆင့်တွင် ဤအခွန်ငွေကို ကောက်ခံကြသည်။

အကယ်၍သင်သည် အောက်ဖေါ်ပြပါအချက်များနှင့် ကိုက်ညီလျှင် -

- သင်သည် အရောင်းအဝယ်လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေပြီး သင့်လက်ရှိ သို့မဟုတ် တစ်နှစ်တာအတွက် ခန့်မှန်းခြေ အနုတ်အသိမ်းသည် ဒေါ်လာ 75,000 သို့မဟုတ် ၎င်းထက်ပိုမည်ဆိုလျှင်
- သင်သည် အငှားယာဉ်လုပ်ငန်း လုပ်ကိုင်လျှင်၊ သို့မဟုတ်
- သင်သည် လောင်စာအခွန် ပြန်အမ်းငွေများ လျှောက်ထားလိုလျှင် သင် GST အတွက် မှတ်ပုံတင်ရမည်။

အကယ်၍သင်၏ နှစ်စဉ်အနုတ်အသိမ်းသည် ဒေါ်လာ 75,000 ထက်နည်းနေလျှင်လည်း သင် GST ကို မှတ်ပုံတင်ရန် ရွေးချယ်နိုင်သည်။ မှတ်ပုံတင်ပြီးသည့်အခါ သင့်အရောင်းအဝယ်လုပ်ငန်းအတွက် ဝယ်ယူအသုံးပြုခဲ့ရသော ပစ္စည်းများနှင့်ဝန်ဆောင်မှုများအတွက် ပေးချေခဲ့ရသည့် GST ကို ပြန်လည် တောင်းခံနိုင်သည်။

## ပေးငွေများ ထဲမှတစ်ချို့ကို ထုတ်မပေးဘဲ ဆုပ်ကိုင်ထားခြင်း

ဩစတြေးလျားနိုင်ငံတော် ဥပဒေအရ သူတပါးကိုပေးရသည့်ငွေများ ဥပမာ၊ အလုပ်သမားများ၊ ဝန်ထမ်းများကို သင်ကပေးရသော လစာ၊ သို့မဟုတ် လုပ်အားခကဲ့သို့သော ငွေများထဲမှတစ်ချို့ကို ထုတ်မပေးဘဲ ဆုပ်ကိုင်ထားရန် လိုအပ်ပါသည်။ ၎င်းကို ပေးငွေများ ထဲမှတစ်ချို့ကို ထုတ်မပေးဘဲ ဆုပ်ကိုင်ထားခြင်း *(Pay as you go (PAYG) withholding)* ဟုခေါ်သည်။ ထိုသို့ ထုတ်မပေးဘဲ ဆုပ်ကိုင်ထားသောငွေများကို ATO ထံ ပေးသွင်းရသည်။

သင်သည်

- ဝန်ထမ်းများ၊ ကုမ္ပဏီဒါရိုက်တာများနှင့် ရုံးမှတာဝန်ရှိသူများကို ငွေပေးချေရလျှင်
- လုပ်အား ငှားရမ်းအသုံးပြုရသဖြင့် ငွေပေးချေရလျှင်
- မိမိဆန္ဒအလျောက် သဘောတူညီချက်များအရ ငွေပေးချေရလျှင်
- ABN ဖေါ်ပြခြင်းမရှိသော ပစ္စည်းပေးသွင်းသူထံ ငွေပေးချေရလျှင်၊ သို့မဟုတ်
- တကိုယ်ရေ ဝန်ဆောင်မှု စီးပွားရေးလုပ်ငန်း ဝင်ငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ ATO ထံသို့ ငွေများ ပေးသွင်းရန် လိုအပ်ခဲ့လျှင် PAYG ပေးငွေများကို ဆုပ်ကိုင်ထားခြင်းအတွက် မှတ်ပုံတင်ရန် လိုအပ်ပါသည်။

## ဘေးပန်းအကျိုးခံစားခွင့်များ အခွန်

အလုပ်ရှင်တစ်ဦးအနေနှင့် သင်သည် အလုပ်သမားများကို ဘေးပန်းအကျိုးခံစားခွင့်များ ပေးပါက သင်သည် ATO ထံသို့ ဘေးပန်းအကျိုးခံစားခွင့်များ အခွန် *(Fringe Benefits Tax - FBT)* ပေးသွင်းရမည်ဖြစ်ပါသည်။

ဘေးပန်းအကျိုးခံစားခွင့်များဆိုသည်မှာ ယေဘုယျအားဖြင့် အလုပ်သမား၊ဝန်ထမ်းများ နှင့်/သို့မဟုတ် ယင်းတို့၏မိသားစုဝင်များကိုပံ့ပိုးသည့် ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်များဖြစ်သည်။ ထိုအကျိုးခံစားခွင့်များတွင် အောက်ဖေါ်ပြပါ အကြောင်းအရာများပါဝင်နိုင်သည်။ -

- အလုပ်နှင့်ဆိုင်သောကား သို့မဟုတ် အလုပ်နှင့်ဆိုင်သည့် အခြားကိရိယာပစ္စည်းများကို ပုဂ္ဂလိကအကျိုးအတွက် အသုံးပြုခွင့်

- လုပ်ငန်းခွင်ပြင်ပတွင် ဝတ်ဆင်နိုင်သောအဝတ်အစားများ
- ပုဂ္ဂလိက ကျန်းမာရေးဆိုင်ရာအာမခံ ပေးသွင်းခြင်း သို့မဟုတ်
- အတိုးသက်သာသော ချေးငွေများ၊ ဖျော်ဖြေရေး သို့မဟုတ် ပစ္စည်းများ ဖြစ်ကြသည်။

# အခွန်ဆိုင်ရာ သင်လိုက်နာရမည့် အချက်အလက်များကို လိုက်နာဆောင်ရွက်ခြင်း

## ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ ရှင်းတမ်း (BUSINESS ACTIVITY STATEMENT) ကို တင်ပြခြင်း

ယေဘုယျအားဖြင့် အရောင်းအဝယ် စီးပွားရေးလုပ်ငန်းများသည် ဆောင်ရွက်ချက်များ ရှင်းတမ်းကို GST နှင့် PAYG အပါအဝင် မိမိတို့ လိုက်နာရမည့် အချက်အလက်များနှင့်ပတ်သက်ပြီး သတင်းပို့တင်ပြရန်နှင့် အခွန်ဆောင်ရန် အသုံးပြုကြသည်။

အကယ်၍သင်သည် GST အတွက် မှတ်ပုံတင်ပြီးပါက သင်သည် ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ ရှင်းတမ်း *(Business Activity Statement - BAS)* ကို ရရှိလိမ့်မည်။ သင်သည် ပုံမှန်အားဖြင့် သုံးလတစ်ကြိမ် BAS ကို တင်ပြရန် လိုအပ်ပါသည်။

အကယ်၍သင်သည် GST အတွက် မှတ်ပုံမတင်ပါက အရောင်းအဝယ်လုပ်ငန်း စတင်သော ပထမနှစ် သို့မဟုတ် ဒုတိယနှစ်တွင် ကျွန်ုပ်တို့ထံမှ သင်ရရှိမည့် အခွန်ကို အရစ်ကျပေးမှု ရှင်းတမ်း *(Instalment Activity Statement - IAS)* ကို ဖြည့်စွက်တင်ပြရန် လိုအပ်ပါလိမ့်မည်။

သင့်အနေနှင့် ရှင်းတမ်းများကို ယင်းရှင်းတမ်းများပေါ်တွင် ဖေါ်ထားသော နောက်ဆုံးတင်ပြရမည့်ရက်အတွင်း ဖြည့်စွက်တင်ပြရန်နှင့် သင်က ပေးရန်ရှိသောငွေများကို ပေးသွင်းရန် အရေးကြီးပါသည်။

# အကယ်၍သင့်မှာ အလုပ်သမား၊ဝန်ထမ်းများ ရှိနေပါက အခွန်ဆိုင်ရာ သင်လိုက်နာရမည့် အချက်အလက်များကို လိုက်နာဆောင်ရွက်ခြင်း

အလုပ်သမားများ၊ဝန်ထမ်းများကို သူတို့ ပထမဆုံးအလုပ်စတင်ချိန်တွင် အခွန်စာတွဲနံပါတ်ကြေငြာချက် *(Tax File Number (TFN) declaration)* ကို ဖြည့်စွက်ခိုင်းသင့်သည်။

သင့်မှာ အလုပ်သမားများ၊ဝန်ထမ်းများ ရှိသည်နှင့်တစ်ပြိုင်နက် သူတို့၏လစာထဲမှ အခွန်ကို တိကျစွာဖြတ်ပြီး ATO ထံသို့ပေးသွင်းရမည်။ ဤလုပ်ငန်းစဉ်ကို ငွေကိုမပေးဘဲ ဆုပ်ကိုင်ထားခြင်း ဟုခေါ်ပြီး ပေးငွေများကို ထုတ်မပေးဘဲ ဆုပ်ကိုင်ထားခြင်း (PAYG) စံနစ်ဖြင့် ဆောင်ရွက်သည်။

သင်က အလုပ်သမား၊ဝန်ထမ်း၏ လစာထဲမှငွေကို မဖြတ်တောက်မီ သင့် အရောင်းအဝယ်စီးပွား ရေးလုပ်ငန်းကို ATO တွင် မှတ်ပုံတင်ရမည် ဖြစ်သည်။

အလုပ်သမား၊ဝန်ထမ်း၏ လစာထဲမှဖြတ်တောက်သောငွေပမာဏသည် သူတို့ကိုပေးရသော ငွေပမာဏနှင့် သင့်ကို သူတို့၏ TFN ကြေငြာချက်ထဲတွင် ပေးထားသော အချက်အလက်များပေါ်တွင် မူတည်ပါသည်။

ယေဘူယျအားဖြင့် ထို ဖြတ်တောက် ဆုပ်ကိုင်သောငွေကို သင်သုံးလတစ်ကြိမ် ရောင်းဝယ်ရေးလုပ်ငန်း အခွန်များ ရှင်းတမ်း (BAS) ကို  တင်ပြသည့်အခါ ATO သို့ သတင်းပို့တင်ပြပြီး ငွေကိုပေးသွင်းရမည်ဖြစ်သည်။

သင့်အနေနှင့် အလုပ်သမား၊ဝန်ထမ်းတိုင်းကို ထိုဘဏ္ဍာရေးနှစ်အတွင်း သူတို့ထံမှ သင် ဖြတ်တောက် ဆုပ်ကိုင်သောငွေ စုစုပေါင်း၏ အကျဉ်းချုပ်စာရင်းကို ပေးဖို့လည်း လိုအပ်ပါသည်။ သင်သည် ထို ဖြတ်တောက် ဆုပ်ကိုင်သောငွေ စုစုပေါင်း၏ အကျဉ်းချုပ်စာရင်းကို ထိုဘဏ္ဍာရေးနှစ် (ဇူလိုင်လ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့) ကုန်ဆုံးရက်မှ နှစ်ပါတ်အတွင်း သင့် အလုပ်သမား၊ ဝန်ထမ်းများကို ပေးရမည်ဖြစ်သည်။

ထို့အပြင်သင်သည် ဇွန်လ ၃၀ ရက်နေ့ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးသည့်အခါ သင့်အလုပ်သမား၊ဝန်ထမ်းများထံမှ ဖြတ်တောက်ဆုပ်ကိုင်ခဲ့သော ငွေစုစုပေါင်းကို ATO သို့ နှစ်ပါတ်လည်အစီရင်ခံစာတွင် ထည့်သွင်းတင်ပြရမည်ဖြစ်ပါသည်။

အကယ်၍သင့်မှာ အလုပ်သမား၊ဝန်ထမ်းများ ရှိနေပါက
အခွန်ဆိုင်ရာ သင်လိုက်နာရမည့် အချက်အလက်များကို လိုက်နာဆောင်ရွက်ခြင်း

## အငြိမ်းစား ရန်ပုံငွေ (SUPERANNUATION)

ဩစတြေးလျားနိုင်ငံဥပဒေများအရ အလုပ်ရှင်များသည် လစာ ဒေါ်လာ 450 နှင့် အထက်ရရှိသော အသက် 18 နှစ်နှင့် 70 နှစ်အကြားရှိ အလုပ်သမား၊ဝန်ထမ်းများကို ပြက္ခဒိန်ပါ လတစ်လတိုင်း အငြိမ်းစား ရန်ပုံငွေ ထည့်သွင်းပေးရန် လိုအပ်ချက်ရှိပါသည်။ သင်က ပေးဖို့လိုအပ်သော ငွေပမာဏမှာ ရခွင့်ရှိသော အလုပ်သမား၊ဝန်ထမ်း၏ အခြေခံလစာ၏ 9% နှင့် ညီမျှပြီး သင်က ပိုပြီးထည့်ပေးလိုပါကလည်း ထည့်ပေးနိုင်ပါသည်။

အကယ်၍သင်သည် သုံးလပါတ်ကာလကုန်ဆုံးသွားပြီး နောက်လာသည့်လ 28 ရက်နေ့အထိ လုံလောက်သောပေးသွင်းမှုများ မပြုလုပ်ရသေးပါက (အောက်တွင်ဖေါ်ပြထားသော ဇယားတွင် ကြည့်ပါ။) သင်သည် အလုပ်ရှင်မှ အလုပ်သမား၊ဝန်ထမ်း၏ အငြိမ်းစား ရန်ပုံငွေအတွင်းသို့ လျော့နည်းစွာ ငွေထည့်ပေးခြင်းအတွက် အပိုကြေးပေးရခြင်း ရှင်းတမ်း *(Superannuation guarantee charge statement)* ကို ဖြည့်စွက်တင်ပြရမည်ဖြစ်ပြီး ATO သို့ အပိုထည့်ဝင်ကြေးနှင့် အပိုကြေး ပေးရမည်ဖြစ်သည်။ ဤနည်းလမ်းသည် အခွန်ဆောင်ရမည့်ငွေထဲမှ **မနုတ်နိုင်သော** အတိုးများနှင့် အပိုကြေးများပါဝင်နေသည့်အတွက် ပိုပြီး အကုန်အကျများသောနည်းလမ်းဖြစ်သည်။

အငြိမ်းစား ရန်ပုံငွေအတွက် နေ့ရက်များမှာ -

| **အငြိမ်းစား ရန်ပုံငွေ ထည့်သွင်းပေးရမည့် သုံးလပါတ်ကာလ** | **အငြိမ်းစား ရန်ပုံငွေများသို့ ထည့်သွင်းပေးရမည့် နောက်ဆုံးရက်** | ***‘Superannuation Guarantee charge statement’*** **တင်ပြရန် နောက်ဆုံးရက် နှင့် အငြိမ်းစားရန်ပုံငွေသို့ နောက်ကျထည့်သွင်းပေးခြင်း** |
|---|---|---|
| ဇူလိုင်လ ၁ ရက်မှ - စက်တင်ဘာလ ၃၀ ရက် | အောက်တိုလ ၂၈ ရက် | နိုဝင်ဘာလ ၂၈ ရက် |
| အောက်တိုလ ၁ ရက်မှ - ဒီဇင်ဘာလ ၃၁ ရက် | ဇန်နဝါရီလ ၂၈ ရက် | ဖေဖော်ဝါရီလ ၂၈ ရက် |
| ဇန်နဝါရီလ ၁ ရက်မှ - မတ်လ ၃၁ ရက် | ဧပြီလ ၂၈ ရက် | မေလ ၂၈ ရက် |
| ဧပြီလ ၁ ရက်မှ - ဇွန်လ ၃၀ ရက် | ဇူလိုင်လ ၂၈ ရက် | ဩဂုတ်လ ၂၈ ရက် |

အကယ်၍သင့်မှာ အလုပ်သမား၊ဝန်ထမ်းများ ရှိနေပါက
အခွန်ဆိုင်ရာ သင်လိုက်နာရမည့် အချက်အလက်များကို လိုက်နာဆောင်ရွက်ခြင်း

## အကယ်၍ သင့်အလုပ်သမား၊ ဝန်ထမ်းများသည် သီးခြားလွတ်လပ်စွာ လုပ်ကိုင်သော အလုပ်လက်ခံသူများဖြစ်ခဲ့လျှင်

အကယ်၍ သင်က သီးခြားလွတ်လပ်စွာ လုပ်ကိုင်သော အလုပ်သမား၊ဝန်ထမ်းများကို အသုံးပြုခဲ့လျှင် သူတို့အနေနှင့် သူတို့အတွက် PAYG အရစ်ကျ ထည့်သွင်းငွေများကို မိမိတို့ဘာသာ ထည့်သွင်းကြရပေမည်၊ သို့မဟုတ် သင်က သူတို့အတွက် ဖြတ်တောက်ဆုပ်ကိုင်ထားပေးရန် သူတို့၏ဆန္ဒအလျောက် သဘောတူညီချက် ရယူဖို့လိုအပ်ပါမည်။ အလုပ်သမား၊ဝန်ထမ်းများနှင့် သီးခြားလွတ်လပ်စွာ လုပ်ကိုင်သော အလုပ်သမား၊ဝန်ထမ်းများ၏ ခြားနားချက်ကို သိလိုပါက **www.ato.gov.au** ဝက်ဘ်ဆိုက်ကိုဖွင့်ပြီး အလုပ်သမား၊ဝန်ထမ်း ဆုံးဖြတ်ချက်ဆိုင်ရာ အသုံးပြုကိရိယာ (Employee Contractor Decision Tool) တွင် ကြည့်ပါ။

# အရောင်းအဝယ် စီးပွားရေးလုပ်ငန်း၏ ကုန်ကျစရိတ်များအတွက် လျှော့ငွေ

အကယ်၍ သင်သည် သင့်အရောင်းအဝယ် စီးပွားရေးလုပ်ငန်းအတွက် ငွေသုံးစွဲခဲ့ရလျှင် သင့်အနေနှင့် ထိုကုန်ကျငွေကို လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များအဖြစ် အခွန်လျှော့နိုင်မည်ဖြစ်သည်။ အဓိပ္ပါယ်မှာ သင်အခွန်ပေးဆောင်ရငွေ လျှော့သည်ဟု ဆိုနိုင်သည်။

အခြေခံစည်းမျဉ်းအားဖြင့် နှစ်ခုရှိပါသည်။ ရှေးဦးစွာ သင်က အမှန်တကယ် ငွေသုံးစွဲခဲ့ပြီး သို့မဟုတ် ငွေသုံးစွဲရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ရမည်။ နောက်တစ်ချက်မှာ ထိုသုံးစွဲငွေသည် သင့်လုပ်ငန်းနှင့် ဆက်စပ်မှုရှိရမည်ဖြစ်သည်။

သင်တင်ပြနိုင်သော လျှော့ငွေများတွင် အောက်ဖော်ပြပါအချက်များပါဝင်သည် -

- လုပ်ငန်းအတွက် အဆောက်အဦငှားရမ်းခြင်း
- သစ်ပင်ပန်းပင်နှင့် ပစ္စည်းကိရိယာ ငှားရမ်းခြင်း
- ပစ္စည်းကိရိယာ တန်ဆာပလာများ
- အလုပ်သမား၊ဝန်ထမ်းများအတွက် ကုန်ကျငွေ
- ချေးငွေများအတွက် အတိုး
- မော်တော်ယာဉ်များအတွက် ကုန်ကျစရိတ်များ
- ပြင်ဆင်ထိန်းသိမ်းခများ
- တယ်လီဖုန်းအသုံးပြုခများ
- ဘဏ်အသုံးပြုခနှင့် ကျသင့်ငွေများ
- ကုန်ပစ္စည်းများ၊ ၎င်း၏သယ်ယူပို့ဆောင်စရိတ်နှင့်
- လျှပ်စစ်ဓါတ်အားနှင့် စွမ်းအင်တို့ဖြစ်ကြသည်။

# စာရင်းဇယားထားခြင်း

လုပ်ငန်းငယ်များ မအောင်မြင်ရခြင်းမှာ အဓိကအားဖြင့် စာရင်းဇယားထားသိုမှု ညံ့ဖြင်းခြင်းကြောင့်ဖြစ်သည်။ စာရင်းဇယားထားသိုမှု မှန်ကန်ကောင်းမွန်ခြင်းဖြင့် အောက်တွင်ဖော်ပြထားသော အချက်များတွင် သင့်အား အထောက်အကူဖြစ်စေသည်။ -

- သင့်အရောင်းအဝယ်စီးပွာရေးလုပ်ငန်း၏ အခြေအနေကိုသိခြင်း
- သင့်လုပ်ငန်းက ဘဏ်များ၊ ငွေချေးသူများနှင့် ဝယ်ရန်အလားအလာရှိသူများနှင့် ဆက်ဆံရာတွင် မည်မျှကောင်းမွန်စွာ လုပ်ဆောင်နေကြောင်းပြသနိုင်ခြင်း နှင့်
- သင့် စာရင်းကိုင်ကို အကောင်းဆုံးအသုံးချနိုင်ခြင်းတို့ဖြစ်သည်။

သင့်လုပ်ငန်းဆိုင်ရာ စာရင်းဇယားများကို အနည်းဆုံး ငါးနှစ်တာကာလ သိမ်းဆည်းထားရမည်။

အဆိုပါ စာရင်းဇယားများထဲတွင် အောက်ဖော်ပြပါ အကြောင်းအရာများ ပါဝင်သည်။ -

- ရောင်းချခြင်းများအတွက် ငွေရပြေစာများ၊ ကောင်တာမှ ငွေအဝင်အထွက်မှတ်တမ်း စာရွက်စာတမ်းများ၊ အကြွေးဝယ်ယူသည့် ကတ်ပြားဆိုင်ရာ ပြေစာများ၊ ငွေထည့်သွင်းသည့်မှတ်တမ်းဆိုင်ရာ စာရင်းစာအုပ်များနှင့် ဘဏ်ငွေစာရင်းမှတ်တမ်းများ
- ကုန်ကျစရိတ်များအတွက်ပေးငွေများ၊ အသေးသုံးငွေအတွက် ပြေစာများအပါအဝင် ဝယ်ယူမှုများအတွက် စာရင်းမှတ်တမ်းများ ချက်လက်မှတ်စာအုပ်တွင်ကျန်သည့်အပိုင်းများ နှင့် မော်တော်ကား ကုန်ကျစရိတ် မှတ်တမ်းစာအုပ်
- အခွန်ဆောင်အပ်ရာ ကုန်ပို့လွှာများ၊ ကိုက်ညီပြင်ဆင်မှုနှင့်ပါတ်သက်သော ရှင်းလင်းစာများကဲ့သို့သော GST စာရင်းမှတ်တမ်းများနှင့် ခန့်မှန်းခြေများသို့မဟုတ် GST တွက်ချက်မှုများစသည်တို့ကို စာရင်းမှတ်တမ်းပြုထားသော အခြား မည်သည့် စာရွက်စာတမ်းများမဆို
- လစာပေးခြင်း၊ အငြိမ်းစားရန်ပုံငွေထည့်သွင်းပေးခြင်းတို့နှင့်ဆိုင်သော စာရင်းမှတ်တမ်းများနှင့်
- ဖော်ပြပါ အကြောင်းအရာများနှင့်ဆက်နွယ်သော စာရင်းမှတ်တမ်းများ -
  - ဝင်ငွေခွန် ဆိုင်ရာ ပြန်တမ်း
  - FBT ဆိုင်ရာ ပြန်တမ်းနှင့်
  - BAS နှင့်
  - အလုပ်သမား၏ အငြိမ်းစား ရန်ပုံငွေအတွင်းသို့ လျော့နည်းစွာ ငွေထည့်ပေးခြင်းအတွက် အပိုကြေးထည့်သွင်းခြင်း တို့ဖြစ်ကြသည်။

စာရင်းမှတ်တမ်းများသည် စက္ကူပေါ်တွင် သို့မဟုတ် လျှပ်စစ်နည်းဖြင့် (ကွန်ပြူတာပေါ်တွင်) ထားရှိရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ဖြစ်ရမည်၊ သို့မဟုတ် ဖွင့်ဖတ်နိုင်ပြီး လွယ်ကူစွာ အင်္ဂလိပ်ဘာသာသို့ ပြောင်းနိုင်သော နည်းလမ်းဖြစ်ရမည်။

သင်ထားရှိရမည့် စာရင်းဇယားအပြည့်အစုံကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင်ရှိသော စာရင်းဇယား မှတ်တမ်းပြုစုရာတွင် အသုံးပြုကိရိယာ ‘record keeping evaluation tool’ ကို မှီငြမ်းအသုံးပြုပါ။ ဤအစီအစဉ်ကို သင်ထားရှိရန် လိုအပ်သော စာရင်းဇယားများ၏ အကြောင်းကို သိရှိနားလည်စေရန်နှင့် သင်စာရင်းဇယားထားသိုမှု တိုးတက်လာစေရန်အတွက် အထောက်အကူပြုရန် ရည်ရွယ်ပြီး လုပ်ဆောင်ထားသည့် အခကြေးငွေပေးရန် မလိုအပ်သော အစီအစဉ်ဖြစ်ပါသည်။

အရောင်းအဝယ် စီးပွားရေးလုပ်ငန်းဆိုင်ရာ စာရင်းဇယားထားသိုမှုအကြောင်း ပိုမိုသိလိုပါက ကျွန်ုပ်တို့ကို **13 28 66** တွင်ဆက်သွယ်ပါ၊ သို့မဟုတ် သင်၏ အသက်မွေးမှုလုပ်ငန်းအဖြစ်လုပ်ကိုင်သော အခွန်ရေးရာ အကြံပေးသူကို တွေ့ဆုံပါ။

# ပိုမိုသိရန် အချက်အလက်များ

အကယ်၍ သင်၏ အခွန်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များအကြောင်း ATO ဌာနမှ ကျွန်ုပ်တို့ထံ ဆက်သွယ် မေးမြန်းလိုပါက ဖုန်းနံပါတ် **13 28 66** ကို ဆက်ပါ။ သင့်တစ်ဦးခြင်းဆိုင်ရာ အရောင်းအဝယ်လုပ်ငန်း လိုအပ်ချက်များအတွက် ဆွေးနွေးရန် ကျွန်ုပ်တို့၏ အခွန်ဆိုင်ရာ အရာရှိတစ်ဦးဦးကို သင့်ထံ လာရောက် တွေ့ဆုံရေးအတွက် စီစဉ်ရန်ကိုလည်း ဤဖုန်းနံပါတ်တွင် ဆက်သွယ်နိုင်ပါသည်။ အခြားသော အသုံးဝင်သည့် ဆက်သွယ်ရန်နေရာများနှင့် ဖုန်းနံပါတ်များကို အောက်တွင် ဖော်ပြထားပါသည်။

## ဝက်ဘ်ဆိုက်များ

- Australian Taxation Office
  **www.ato.gov.au**
- Business Portal (အရောင်းအဝယ်လုပ်ငန်းဆိုင်ရာ ဆက်သွယ် ဝင်ရောက်နိုင်သော အင်တာနက်အဝင်) အပါအဝင် ATO ၏ အွန်လိုင်း ဝန်ဆောင်မှုများ
  **www.ato.gov.au/onlineservices**
- ဩစတြေးလျားနိုင်ငံတော်အစိုးရ၏ အရောင်းအဝယ် စီးပွားရေးလုပ်ငန်းဆိုင်ရာ သိကောင်းစရာ အချက်အလက်များ ဝက်ဘ်ဆိုက်
  **www.business.gov.au**
- Tax Practitioners Board (အခွန်ရေးရာကို အသက်မွေးမှုလုပ်ငန်းအဖြစ် လုပ်ကိုင်သောသူများဆိုင်ရာ ဘုတ်အဖွဲ့) (အခွန်ရေးရာကို အသက်မွေးမှုလုပ်ငန်းအဖြစ် လုပ်ကိုင်သောသူသည် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ထားခြင်းရှိမရှိ စစ်ဆေးရန်)
  **www.tpb.gov.au**

## ဖုန်းနံပါတ်များ

- Business tax infoline **13 28 66**
  (အရောင်းအဝယ်လုပ်ငန်း အခွန်ဆိုင်ရာ ပြန်ကြားရေးဖုန်းလိုင်း)
- Superannuation infoline **13 10 20**
  (အငြိမ်းစား ရန်ပုံငွေဆိုင်ရာ ပြန်ကြားရေးဖုန်းလိုင်း)
- အက်ဘော်ရစ်ဂျင်နယ်နှင့် တောရက်စထရိတ်ကျွန်းသားများဆိုင်ရာ ပြန်ကြားရေးဖုန်းလိုင်း **13 10 30**
- Personal tax infoline **13 28 61**
  (ပုဂ္ဂလိက တစ်ဦးခြင်း အခွန်ဆိုင်ရာ ပြန်ကြားရေးဖုန်းလိုင်း)
- ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှု (TIS) - အကယ်၍ သင် အင်္ဂလိပ်စကားမပြောတတ်ဘဲ ATO ထံမှ အကူအညီလိုအပ်လျှင် **13 14 50**
- National Relay Service အကယ်၍သင်သည် နားအကြားအာရုံ သို့မဟုတ် စကားပြောရာတွင် ချွတ်ယွင်းမှုရှိပြီး TTY သို့မဟုတ် မိုဒမ် အသုံးပြုလျှင် **13 36 77**
  – **1800** ဖြင့်စတင်သည့် အခမဲ့ခေါ်ဆိုနိုင်သောနံပါတ်များအတွက် **1800 555 677** ကို ဖုန်းဆက်ပြီး သင် ဆက်လိုသောနံပါတ်ကို ပြောပြလိုက်ပါ။
- Speech to Speech Relay Service - အကယ်၍သင်သည် စကားပြောရာတွင် ချွတ်ယွင်းမှုရှိပြီး TTY သို့မဟုတ် မိုဒမ် အသုံးမပြုလျှင် **1300 555 727**
  - **1800** ဖြင့်စတင်သည့် အခမဲ့ခေါ်ဆိုနိုင်သောနံပါတ်များအတွက် **1800 555 727** ကို ဖုန်းဆက်ပြီး သင် ဆက်လိုသောနံပါတ်ကို ပြောပြလိုက်ပါ။
- Department of Immigration and Citizenship **13 18 81**
  (လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားဖြစ်ရေးဆိုင်ရာဌာန)
- Tax Practitioners Board (အခွန်ရေးရာကို အသက်မွေးမှုလုပ်ငန်းအဖြစ် လုပ်ကိုင်သောသူများဆိုင်ရာ ဘုတ်အဖွဲ့) **1300 362 829**

  သင့် အခွန်ဆိုင်ရာ အကြံပေးသူကလည်း သင် အခွန်ဆိုင်ရာ လိုက်နာရမည့် အချက်အလက်များကို အကောင်းဆုံး လိုက်နာဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပေးခြင်းဖြင့် ကူညီနိုင်ပါလိမ့်မည်။